# ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ၊ ညွှန်ကြားရေးမှူးချုပ်မှ ပေးပို့သည့် ၂၀၂၃ ခုနှစ်၏ ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ

## "စိတ်ချ ယုံကြည် တွဲလက်ညီ"

(လုံခြုံချိတ်ဆက် အနာဂတ်အတွက် ပူးပေါင်းလက်တွဲ ဖော်ဆောင်ရွက်)

စာပို့တိုက်ရုံးများသည် စည်းလုံးညီညွတ် ပေါင်းစပ်ပါဝင်နိုင်ရန် ဆက်သွယ်ထားသော လူ့အသိုက် အဝန်းများအတွက် မရှိမဖြစ် ဆုံချက်နေရာများအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။

၎င်းတို့သည် အများသူငှါလက်လှမ်းမီနိုင်သည့် အရေးပါသော ဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ငွေကြေး နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုစသည့် ကိစ္စရပ်များအတွက် ဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ပေးသူများ ဖြစ်ကြသလို ဝေးလံခေါင်သီသော ဒေသများအတွက် ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများကို တစ်ဦးတည်းသော ဝန်ဆောင်မှုပေးသူများအဖြစ် အများအပြား တွေ့ရလေ့ရှိပါတယ်။ စာပို့လုပ်ငန်းသမိုင်းကြောင်း တစ်လျှောက်တွင် စာပို့တိုက်လုပ်သားများသည် ဖော်ရွေသည့် နှုတ်ခွန်းဆက်သူ မျက်နှာထားများဖြင့် နေ့စဉ်ပြည်သူများရဲ့ အိမ်ရှေ့တွင် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရင်း လူမှုအသိုင်းအဝိုင်းမှာ နှစ်ပေါင်းများစွာ ကြာအောင် ယုံကြည်စိတ်ချမှုကို တည်ဆောက်လာခဲ့သူများဖြစ်ကြပါတယ်။

စာတိုက်၏ ဝန်ဆောင်မှုပေးသူတစ်ဦးအနေနဲ့ အောင်မြင်မှုအခြေခံ အုတ်မြစ်ကတော့ ကမ္ဘာ တဝှမ်းတွင် ပြည်သူများအား ရာစုနှစ်ပေါင်းများစွာ ဝန်ဆောင်မှုပေးရင်း ရရှိလာခဲ့သော ယုံကြည် မှုပဲဖြစ်ပါတယ်။ ယနေ့ခေတ်တွင် စာပို့တိုက်ဝန်ထမ်းအင်အား (၅) သန်းကျော်ဟာ အများပြည်သူ တွေရဲ့ မရှိမဖြစ်လိုအပ်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်တွေဖြစ်တဲ့ ချောစာများ၊ လက်ဆောင် ပစ္စည်းများ နှင့် ကုန်ပစ္စည်းများမှအစ ငွေ နှင့် ဆေးဝါးများအဆုံး အမျိုးမျိုးသော ပစ္စည်းများကို တာဝန်ယူပို့ပေးဖို့ ယုံကြည်စွာအပ်နှံဝန်ဆောင်မှုကို ခံထားရသူတွေဖြစ်ပါတယ်။

ဒီယုံကြည်မှုမျိုးရအောင် စာပို့ဝန်ထမ်းတွေဟာ ဘေးကင်းရေး နှင့် လုံခြုံရေးအတွက် တစိုက် မတ်မတ် ဆောင်ရွက်ရန် ပျိုးထောင်လာခဲ့ရတာဖြစ်ပါတယ်။ စာပို့တိုက်ဝန်ဆောင်မှု လုပ်ငန်းများသည် လမ်းပေါ်တွင် ဘေးကင်းရေးအတွက် မြှင့်တင်ဆောင်ရွက်ခြင်း နှင့် စာပို့ယာဉ်မောင်းများအတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး သင်တန်းများ ပေးခြင်းအပါအဝင် စာပို့ဝန်ထမ်းများ နှင့် ၎င်းတို့

ဝန်ဆောင်မှုကို သုံးစွဲနေသည့် ပြည်သူများဘေးကင်းလုံခြုံရန် ကိစ္စရပ်များ နှင့် စာပို့ကွန်ရက် အတွင်း ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများကို လုံခြုံစွာသယ်ဆောင်ရန်အတွက် ဘေးကင်းလုံခြုံရေး အစီအမံများ ချမှတ်အကောင်အထည် ဖော်ဆောင်ခြင်းတို့ကို မရပ်မနား ဆောင်ရွက်လျက်ရှိ ပါတယ်။

ထို့အပြင် သဘာဝဘေးအန္တရာယ်များ (သို့မဟုတ်) ပဋိပက္ခများ ဖြစ်ပွားသည့် အချိန်များတွင် စာပို့တိုက်များသည် အကူအညီ လိုအပ်နေသူများအတွက် ထောက်ပံ့ရေးပစ္စည်းများ နှင့် အရေး ပေါ်ဝန်ဆောင်မှုများကို ကူညီစီစဉ်ပေးသည့်အပြင် ၎င်းတို့သည် အဆိုပါအခြေအနေများတွင် ပထမဆုံးကူညီသူများအဖြစ် မကြာခဏဆောင်ရွက်ပေးလျက်ရှိတာဖြစ်ပါတယ်။

စာပို့တိုက်များသည် လူဘီလီယံပေါင်းများစွာ ရင်ဆိုင်နေရသည့် အခက်အခဲဖြစ်သောဒစ်ဂျစ်တယ် နည်းပညာကွာဟချက် အကြောင်းအရာကို လက်ရှိရှိရှိထားပြီးဖြစ်သည့် ယုံကြည်မှုကို အားယူ ပြီး ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဤစတုတ္ထ စက်မှုတော်လှန်ရေးကာလတွင် စာပို့တိုက်များသည် ၎င်းတို့၏ များပြားသော ရုပ်ပိုင်းဆိုင်ရာစာပို့ကွန်ရက်ကို ဒစ်ဂျစ်တယ်စနစ်သို့ တိုးတက်ချဲ့ထွင် ချိတ်ဆက်ခြင်းအားဖြင့် လုံခြုံသောအွန်လိုင်းဝန်ဆောင်မှုများကို ပေးရန်ကြီးမားသော ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုကို စတင်လုပ်ဆောင်နေပါတယ်။

ကမ္ဘာစာပို့တိုက်သမဂ္ဂ (UPU) သည် နေ့စဉ် လူပေါင်း ရှစ်ဘီလီယံနီးပါးကို ခေတ်မီလုံခြုံသော ဝန်ဆောင်မှုများပေးနေသည့် ကမ္ဘာလုံးဆိုင်ရာ စာပို့တိုက်ကွန်ရက်ကို လုံခြုံချိတ်ဆက်နိုင်ရေး တည်ဆောက်ရာတွင် သီးသန့်လုပ်ဖော်ကိုင်ဖက်တစ်ဦးအဖြစ် ရပ်တည်နေပါတယ်။ အဆိုပါ အချက်သည် အသွင်ကူးပြောင်းခြင်း၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။

သို့သော်လည်း ကမ္ဘာတဝှမ်း စာပို့တိုက်ပေါင်း (၆၅၀,၀၀၀) ထဲမှ စာပို့တိုက် (၁၀၀,၀၀၀) နီးပါး သည် လုံလောက်သော အင်တာနက် အခြေခံအဆောက်အဦများ မရှိ၍ ဒစ်ဂျစ်တယ် ချန်နယ်များ မှတဆင့် ပေးအပ်နိုင်သည့်ဝန်ဆောင်မှုများကို ကန့်သတ်ထားခြင်းခံရပါတယ်။ အဆိုပါ အချက်မှာ စာပို့တိုက်များမှ ကျယ်ကျယ်ပြန့်ပြန့် ပေးစွမ်းနိုင်သည့် ဒစ်ဂျစ်တယ် ၊ ငွေကြေးနှင့် လူမှုရေး ဆိုင်ရာ ဝန်ဆောင်မှုများစွာကို လူ့အဖွဲ့အစည်းပေါင်း (၁၀၀,၀၀၀) က လက်ခံသုံးစွဲနိုင်ခြင်း မရှိခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ နိုင်ငံသားများ နှင့် စီးပွားရေးလုပ်ငန်းအားလုံးကို ဒစ်ဂျစ်တယ်

စီးပွားရေးမှပေးသော အကျိုးကျေးဇူးများကို အပြည့်အဝရရှိနိုင်ရေး သေချာစေရန် ဆောင်ရွက်ပေးသင့်ပါတယ်။ ထို့ကြောင့် UPU သည် စာပို့တိုက်များ၏ ဒစ်ဂျစ်တယ်ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန် ၎င်း၏ connect.post initiative မှတဆင့် စာပို့တိုက်တိုင်းသည် (၂၀၃၀) ခုနှစ်တွင် အင်တာနက် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရည်မှန်းချက် ချမှတ်ထားပါတယ်။

UPU သည် စာပို့တိုက်များအားလုံးကို အင်တာနက်လုံလောက်စွာ ဝင်ရောက်အသုံးပြုခွင့်ကို သေချာစွာ ချိတ်ဆက်ထားခြင်းအတွက် သာမက စာပို့တိုက်ကြီးငယ်မရွေးမှ ချိုသာသော နှုန်းထားရရှိနိုင်မှု၊ နောက်ဆုံးပေါ် ခေတ်မီကိရိယာများ ရယူသုံးစွဲနိုင်မှု၊ e-commerce ၊ e-government နှင့် e-finance ဝန်ဆောင်မှုများကို အထောက်အကူပြုမည့် နည်းပညာများကို ဝင်ရောက်အသုံးပြုရာတွင် လုံခြုံမှုရှိရှိအဆင်ပြေစွာ လုပ်ဆောင်နိုင်ရေးအတွက်လည်း သေချာစွာဆောင်ရွက်လျက်ရှိပါတယ်။

**“ စိတ်ချ ယုံကြည် တွဲလက်ညီ ”** သည် ရာစုနှစ်များအတွင်း တည်ဆောက်ခဲ့သော ရုပ်ပိုင်းဆိုင်ရာ စာပို့တိုက်ကွန်ရက်တွင် ဒစ်ဂျစ်တယ်စာပို့တိုက်နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကူညီပံ့ပိုးပေးရန် သက်ဆိုင်ရာနိုင်ငံအစိုးရများနှင့် ၎င်းတို့၏ စာပို့ဝန်ဆောင်မှုပေးသူအားလုံးမှ ပူးပေါင်းလုပ်ဆောင်ပေးရန် တိုက်တွန်းချက် ဖြစ်ပါတယ်။

ယနေ့ကျရောက်သော ကမ္ဘာ့စာတိုက်နေ့တွင် ကမ္ဘာအနှံ့ရှိ ပြည်သူများ ဒစ်ဂျစ်တယ်စီးပွားရေးသို့ ပါဝင်ဆောင်ရွက်ရန် ပြည်သူများသည် ၎င်းတို့၏ ပြည်တွင်းစာတိုက်များမှ သာမက အခြားသော နေရာများမှပါ ဝင်ရောက်အသုံးပြုနိုင်ခြင်းကို ပိုမိုသေချာစေရေးအတွက် UPU နှင့် ပူးပေါင်း လက်တွဲလုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားအပ်ပါတယ်။ ကျွန်ုပ်တို့၏ ကမ္ဘာ့စာပို့တိုက် ကွန်ရက်မှ ပေးဆောင်နိုင်သည့် လုံခြုံသော ဒစ်ဂျစ်တယ် နှင့် ရုပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများမှ လူတိုင်းအကျိုးခံစားနိုင်သည့် ကမ္ဘာတစ်ခုဖန်တီးရန် လက်တွဲလုပ်ဆောင်ကြပါစို့။

ပျော်ရွှင်ဖွယ်ကောင်းသော ကမ္ဘာ့စာပို့တိုက်နေ့ဖြစ်ပါစေ။